## အချက်အလက်သတင်းလွှာ - မသန်စွမ်းများ၏ အလုံးစုံပါဝင်နိုင်မှု

မသန်စွမ်းများ၏ အလုံးစုံပါဝင်နိုင်မှုအား အာမခံနိုင်ရန်အတွက် ကလေးသူငယ်ကာကွယ်ရေး ဆောင်ရွက်သူများမှ စီမံကိန်းများချမှတ်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် ဤအချက်အလက်သတင်းလွှာကို ပြုစုထားပါသည်။ မည်သည့်နောက်ခံအကြောင်းအရာတွင်ဖြစ်စေ တည်ရှိနေသော လူဦးရေ၏ ၁၃ ရာခိုင်နှုန်း[1] မှာ မသန်းစွမ်းမှုဖြင့် နေထိုင်နေရကြောင်းကို အထောက်အထားများအရ သိရှိရပါသည်။ မြန်မာနိုင်ငံကဲ့သို့သော ပဋိပက္ခများနှင့် မြေမြှုပ်မိုင်းများ ပျံ့နှံ့မှုများပြားသော အနေအထားတွင် မသန်စွမ်းမှုဖြင့် နေထိုင်နေရသည့် လူဦးရေ ရာခိုင်နှုန်းမှာ ပိုမိုများပြားနိုင်ပါသည်။ အိမ်ထောင်စု ၃ စုအနက် တစ်စုတွင် မသန်စွမ်း တစ်ဦး အနည်းဆုံးအနေဖြင့် ရှိနေပါသည်။[2] ကလေးသူငယ်ကာကွယ်ရေး ဆောင်ရွက်နေသူများအနေဖြင့် မသန်စွမ်း ကလေးငယ်များနှင့် ပြုစုစောင့်ရှောက်သူများအပါအဝင် ကလေးငယ်များ အားလုံးတို့ကို ကူညီထောက်ပံ့ပေးရန်မှာ အရေးကြီးပါသည်။

မသန်စွမ်းများ၏ အခွင့်အရေးများကို တိုးမြှင့်ပေးခြင်းနှင့် ၎င်းတို့နှင့် စပ်လျဉ်းသည့် စိုးရိမ်မှုများကို မသန်စွမ်းများ၏ အခွင့်အရေးအရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ခြင်း အားဖြင့် မသန်စွမ်းများ၏ အလုံးစုံပါဝင်နိုင်မှုအား ပီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်။ ထို့အပြင် ယင်းကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် မသန်စွမ်းများအတွက် တန်းတူအခွင့်အရေးများ ရှိလာပြီး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထိရောက်မှုရှိစွာ ပါဝင်လာနိုင်မှုတို့ကြောင့် မသန်စွမ်းများ၏ အလုံးစုံပါဝင်နိုင်မှုအား ပီးမြောက်အောင်မြင်နိုင်စေမည် ဖြစ်သည်။




“မသန်မစွမ်းမှုဟူသည် ပြောင်းလဲလာသော အယူအဆတစ်ခုဖြစ်သည်… မသန်စွမ်းမှုသည် ချို့ယွင်းချက်ရှိသူများနှင့် စိတ်နေသဘောထားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများကြား အပြန်အလှန်အကျိုးသက်ရောက်မှုကြောင့် လူ့အဖွဲ့အစည်းအတွင်း အခြားသူများနည်းတူ တန်းတူအားဖြင့် ၎င်းတို့၏

[1] 12.8% of the total population in Myanmar are people with disabilities (2019 Census).
[2] Multisector needs assessment 2023

အပြည့်အဝထိရောက်သောပါဝင်ဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေသည်။ သဘောထားဆိုင်ရာ အတားအဆီးများတွင် မသန်စွမ်းမှုနှင့်ဆက်စပ်နေသော ခွဲခြားဆက်ဆံမှု သို့မဟုတ် အမည်းစက်များ ပါဝင်နိုင်သည်။

**ချို့ယွင်းမှု အဓိက အမျိုးအစားများ**

**ကာယပိုင်းဆိုင်ရာ** - ကိုယ်လက်အင်္ဂါ လှုပ်ရှားရာတွင် အခက်အခဲရှိခြင်း၊ ဥပမာ - လမ်းလျှောက်ခြင်းနှင့် လက်လှုပ်ရှားမှု၊ ဥပမာ - ကျောရိုးမကြီး ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ သွက်ချာပါဒဖြစ်ခြင်း၊ ခြေလက် ဖြတ်တောက်ခံထားရခြင်း

**အသိဉာဏ်ပိုင်းဆိုင်ရာ -** ဘာသာစကား၊ ကျိုးကြောင်းဆီလျော်မှု၊ မှတ်ဉာဏ်၊ စာနာစိတ်၊ တကိုယ်ရည် စောင့်ရှောက်မှု အစရှိသည်တို့တွင် အခက်အခဲရှိခြင်း၊ ဥပမာ - Down's syndrome, မှတ်ဉာဏ်ချို့ယွင်းခြင်း

**အာရုံခံမှုဆိုင်ရာ -** အမြင်၊ အကြား၊ ဆက်ဆံဆောင်ရွက်ခြင်း၊ ဥပမာ - နားမကြားသူ၊ အကြားအာရုံ လျော့နည်းသူ၊ မျက်စိ မမြင်သူ သို့မဟုတ် အမြင်အာရုံ လျော့နည်းသူ၊ စကားပြောရာတွင် ချို့ယွင်းချက်ရှိသူ၊ ဥပမာ - စကားထစ်သူ

**စိတ်ပိုင်းဆိုင်ရာ** - ပြင်းထန်သော စိတ်ကစဉ့်ကလျားဖြစ်မှု ရေရှည်ဖြစ်ပွားခြင်း သို့မဟုတ် စိတ်ဝေဒနာဖြစ်ပွားခြင်း
ဥပမာ - စိတ်ကစဉ့်ကလျားရောဂါ၊ စိတ်ဓာတ်ကျရောဂါ

DRAFT







**သရုပ်ဖော်ပုံ -** ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်နေသဘောထားပိုင်းဆိုင်ရာနှင့် ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ အခက်အခဲများနှင့် ကြုံတွေ့နေရသည့် မသန်စွမ်း ကလေးများ/လူများသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ

ဖြစ်စေခြင်းနှင့် စိတ်နေသဘောထားအားဖြင့် လက်ခံနိုင်ရန် ကြိုးစားလိုမှု ရှိခြင်းတို့ဖြင့် အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်သည်။ လမ်းမလျှောက်နိုင်သော ကလေးငယ် တစ်ဦးသည် ဘီးတပ်ကုလားထိုင် (**wheelchair)** ရရှိပြီးပါက နေရာဌာနတစ်ခုသို့ လွယ်ကူစွာ လက်လှမ်းမီ ရောက်ရှိနိုင်မည် ဖြစ်သည်။ အဆိုပါ နေရာဌာနတွင်လည်း လေ့ကျင့်ပေးထားသော ထောက်ကူပြု ဝန်ထမ်းများ၊ ဘီးတပ်ကုလားထိုင် သွားလာနိုင်သော ဆင်ခြေလျှော သို့မဟုတ် ရောက်ရှိအသုံးပြုနိုင်ရန်အတွက် အခြားသော ထောက်ကူပစ္စည်းများ ရှိနေရန် လိုအပ်ပါသည်။

**မသန်စွမ်း ကလေးငယ်များ/လူများနှင့် ဆက်သွယ်ပြောဆိုရာတွင် လိုက်နာ/ရှောင်ရှားရမည့် အလေ့အထများ**

| **ပြုလုပ်သင့်သည်များ** | **မပြုလုပ်သင့်သည်များ** |
|---|---|
| • ကာယကံရှင်နှင့် တိုက်ရိုက် ဆက်သွယ်ပြောဆိုပါ၊ အတူတကွ ရှိနေနိုင်သည့် ဘာသာပြန် သို့မဟုတ် အဖော်ပြုသူမှတဆင့် ဆက်သွယ်ပြောဆိုခြင်းအား ရှောင်ကျဉ်ပါ။<br>• "ဒုက္ခိတ၊ ခြေကျိုး၊ အကန်း သို့မဟုတ် အရူး" စသည့် အသုံးနှုန်းများအစား "မသန်စွမ်းမှုခံစားနေရသည့် လူပုဂ္ဂိုလ်၊ ကလေးငယ်၊ အမျိုးသမီး၊ ယောကျ်ားလေး" ကဲ့သို့သော အသုံးအနှုန်းများအား အစားထိုး သုံးစွဲရန်။<br>• မတူညီသည့် ချို့ယွင်းချက်များ ရှိနေနိုင်သည့် လူအများမှ သတင်းအချက်အလက်များ ရရှိအသုံးပြုနိုင်ရန်အတွက် မတူကွဲပြားများပြားသော ဆက်သွယ်ပြောဆိုသည့် ပုံစံများကို အသုံးပြုပါ။ ဆိုလိုသည်မှာ - ပိုစတာများ၊ ရုပ်ပုံများ၊ အသံချဲ့စက်များ၊ ပုံကြီးချဲ့ထားသော စာရွက်များ၊ မျက်မမြင်ဖတ်စာများ။ | • တစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာ သို့မဟုတ် ထောက်ကူ ကိရိယာကို သင့်အား စေခိုင်းမှုမရှိဘဲ ကိုင်တွယ်ခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း၊ မှီခြင်း၊ သို့မဟုတ် ကိုယ်ကာယအားဖြင့် ထိတွေ့ခြင်းတို့ မပြုရ။ ဘီးတပ်ကုလားထိုင်၊ လမ်းလျှောက်တုတ်၊ လေးချောင်းထောက်တုတ်၊ ချိုင်းထောက် သို့မဟုတ် ထောက်ကူပြုတိရိစ္ဆာန်များ သက်ဆိုင်ရာ လူပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်ဆိုင်မှုများ ဖြစ်ကြသည်။<br>• မမြင်နိုင်သည့် မသန်စွမ်းမှုများလည်း ရှိနိုင်သောကြောင့် တစုံတစ်ဦးသည် မသန်စွမ်းဖြစ်သည် မဖြစ်သည်ကို ထင်မြင်ယူဆခြင်း။<br>• မသန်စွမ်းလူပုဂ္ဂိုလ်အား စော်ကားခြင်း သို့မဟုတ် လေးစားမှုမရှိခြင်း သဘောသက်ရောက်သည့် ပြောဆိုချက် သို့မဟုတ် ဝေဖန်ချက်များ ပေးခြင်း။ ဥပမာ - မလိုအပ်ဘဲ ၎င်းတို့၏ မသန်စွမ်းဖြစ်မှုအား ရည်ညွှန်းပြောဆိုခြင်း။ |

DRAFT

| | |
|---|---|
| • မသန်စွမ်းသူများအတွက် လိုအပ်နိုင်မည့် ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ၊ ဘာသာပြန်ခြင်းနှင့် လှုပ်ရှားသွားလာမှုတို့အတွက် အချိန်ပို သတ်မှတ်ခွင့်ပြုပေးရန်။ | • မသန်စွမ်းလူပုဂ္ဂိုလ်တစ်ဦးမှ ဝန်ဆောင်မှုတစ်ခုအား ပါဝင်အသုံးပြုရန် သို့မဟုတ် လက်လှမ်းမီရန်အတွက် ထပ်လောင်း အဟန့်အတားများ ဖန်တီးခြင်း။    |

### ဆောင်ရွက်သင့်သည့် အကြံပြုချက်များ

❖ အသက်အရွယ် သင့်လျော်မှုအခြေပြု စစ်ဆေးအကဲဖြတ်မှုများ သို့မဟုတ် စစ်ဆေးလေ့လာမှုများ၊ တိုင်ပင်ဆွေးနွေးမှုများ၊ ဦးတည်အဖွဲ့များ၏ ဆွေးနွေးမှုများနှင့် စစ်တမ်းကောက်ယူမှုများ အစရှိသည်တို့တွင် မသန်စွမ်း မိန်းကလေးငယ်များနှင့် ယောကျ်ားလေးငယ်များကို ပါဝင်စေရန်။

❖ ကလေးသူငယ်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ၎င်းတို့နှင့် သက်ဆိုင်ပါက မသန်စွမ်းကလေးငယ်များ နှင့် မသန်စွမ်းမှု၏ သက်ရောက်မှုကို ခံစားနေရသောအခြားကလေးများ ကို ပါဝင်ဆောင်ရွက်မှု ရှိစေရန်နှင့် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများကို လျှို့ဝှက်သီးသန့်အနေဖြင့် ထားရှိရန်။

❖ ကလေးသူငယ်ကာကွယ်ရေး အစီအမံများ/စီမံကိန်းချမှတ်ရေးများအား လက်လှမ်းမီ ရရှိနိုင်ရန်အတွက် ရှိနေသည့် အတားအဆီးများကို ဖော်ထုတ်သတ်မှတ်ရာတွင် မသန်စွမ်းကလေးငယ်များနှင့် ၎င်းတို့၏ မိသားစုများပါ ပါဝင်နိုင်စေရန်။

DRAFT

- ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုများ ဆောင်ရွက်ခြင်းနှင့် စီမံကိန်းများ ရေးဆွဲသတ်မှတ်ခြင်းတို့ ဆောင်ရွက်သည့် အဖွဲ့များ ဖွဲ့စည်းရာတွင် ပါဝင်မည့် အဖွဲ့ဝင်များမှာ ဂျဲန်ဒါ အချိုးကျ ညီမျှမှုရှိရန်နှင့် မသန်စွမ်းများ၏ ကိုယ်စားပြုမှု ပါရှိရန်၊ ထိုကဲ့သို့ မသန်စွမ်း ကိုယ်စားပြု ပါဝင်မှုသည်လည်း ဂျဲန်ဒါအချိုးကျ ညီမျှမှုရှိရန် - ဆိုလိုသည်မှာ မသန်စွမ်း အမျိုးသမီးနှင့် မသန်စွမ်းအမျိုးသား ကိုယ်စားပြုပါဝင်မှု ရှိစေရန်။
- မသန်စွမ်းများအတွက် - အထူးလိုအပ်ချက်များနှင့် အန္တရာယ်ရှိနိုင်မှုများအား ကိုင်တွယ်ဖြေရှင်းရေးကို ဦးတည်သည့် စီမံကိန်းချမှတ်မှု ဖြစ်စေရန်၊ ကလေးသူငယ် ကာကွယ်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ရာတွင် မသန်စွမ်း ကလေးများနှင့် မသန်စွမ်းလူကြီးများ ပါဝင်ဆောင်ရွက်ရန်။
- ကာယအားဖြင့် လက်လှမ်းမီရောက်ရှိနိုင်ပြီး စောင့်ဆိုင်းနိုင်သည့် နေရာများ၊ ထိုင်ခုံများ အစရှိသည့် သင့်လျော်သော နေရာထိုင်ခင်းများကို စီမံပေးနိုင်သည့် နေရာများကို ကလေးသူငယ် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် ရွေးချယ်ရန်။ ယင်းကဲ့သို့ ရွေးချယ်ရန် မဖြစ်နိုင်ပါက လိုအပ်သော ချိန်ညှိဆောင်ရွက်ရန် ရှိသည်များကို ဆောင်ရွက်ရန် (ဥပမာ - ယင်းတို့နေထိုင်ရာ နေရာများနှင့် နီးကပ်သည့် နေရာများကို ရွေးချယ်ဆောင်ရွက်ခြင်း၊ ပြုစုစောင့်ရှောက်သူများအား ကူညီထောက်ပံ့ပေးခြင်း၊ သယ်ယူပို့ဆောင်ရေးတွင် ကူညီထောက်ပံ့ပေးခြင်း အစရှိသည်ဖြင့်)
- ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများအား ပုံစံမျိုးစုံဖြင့် ကြော်ငြာခြင်း - အလွယ်တကူ ဖတ်ရှုနိုင်သည့် လက်ကမ်းကြော်ငြာများ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ လူကိုယ်တိုင် ကြော်ငြာခြင်း အစရှိသည်ဖြင့်။ ကလေးငယ်များနှင့် ပြုစုစောင့်ရှောက်သူများအားလုံးတို့အတွက် သတင်းအချက်အလက်များအား လက်လှမ်းမီရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်။
- မသန်စွမ်းကလေးငယ်များ၏ အခွင့်အရေးများနှင့် မသန်စွမ်းမိဘများ၏ ကလေးသူငယ်များအတွက် လိုအပ်ချက်များကို အသိပညာပေးမျှဝေမှုအား မြှင့်တင် ဆောင်ရွက်ရန်။ အဆိုပါ အခွင့်အရေးများကို ကလေးငယ်များ (မသန်စွမ်းမှု ရှိသည့် ကလေးငယ်များနှင့် မသန်စွမ်းမှု မရှိသည့် ကလေးငယ်များ) နှင့် ၎င်းတို့၏ မိသားစုများ၊ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ အခြားကဏ္ဍများမှ ဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများ (ဥပမာ - ဆရာများ၊ ကျန်းမာရေးဝန်ထမ်းများ အစရှိသည်ဖြင့်) နှင့် ပိုမိုကျယ်ပြန့်သည့် လူမှုအသိုက်အဝန်းများတို့တွင် ဆွေးနွေးရန်။
- ခွဲခြားဆက်ဆံခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရရှိရန် အန္တရာယ်ရှိခြင်းနှင့် ကာယကံမြောက် အနိုင်ကျင့်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်းတို့ အပါဝင် မသန်စွမ်းကလေးငယ်များ နှင့် မသန်စွမ်းမိဘများ၏ ကလေးများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိုးရိမ်မှုများကို ဖော်ထုတ်သတ်မှတ်ရန်။ အဆိုပါ အန္တရာယ်ရှိနိုင်မှုများကို ဖယ်ရှားထုတ်ပယ်နိုင်ရေးကို မသန်စွမ်း မိဘများ၊ ကလေးများ၊ ရပ်ရွာလူထုများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများတွင် ဆောင်ရွက်ရန်အတွက်

DRAFT

ခြေလှမ်းစတင်ရန်၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် အကူအညီလိုအပ်ပါက သက်ဆိုင်ရာ နယ်မြေဒေသရှိ CP AoR ထံသို့ ဆက်သွယ်ဆောင်ရွက်ရန်။[3]

- ❖ ၎င်းတို့၏ ခံနိုင်ရည်အား တိုးတက်အားကောင်းလာစေရန် ဆောင်ရွက်သည့် လုပ်ငန်းများတွင် မသန်စွမ်း ဆယ်ကျော်သက်များနှင့် လူငယ်များအား ပါဝင်စေရန်။ လုပ်ဖော်ကိုင်ဖက် ချိတ်ဆက်မှု ကွန်ယက်များအား ခေါင်းဆောင်မှုနှင့် အားကောင်းခိုင်မာမှု တို့အတွက် မြှင့်တင်ပေးရန်။ စိတ်အပန်းဖြေရေး လုပ်ငန်းများ၊ အားကစား၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများ၊ ပညာရေး၊ သက်မွေးစွမ်းရည်တို့ကို ဆောင်ရွက်ပေးရာတွင် မသန်းစွမ်းမှု ပုံစံအမျိုးမျိုး ခံစားနေရသည့် ကလေးငယ်များ လက်လှမ်းမီနိုင်သည့် ထောက်ကူပစ္စည်းများကို အသုံးပြုရန်ကို ထည့်သွင်းစဉ်းစားရန်။
- ❖ ဆယ်ကျော်သက်အရွယ်မသန်စွမ်း အမျိုးသမီးငယ်လေးများအတွက် သီးသန့်မတူညီသော လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပေးရန် (ဥပမာ- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စီမံကိန်းတွင် ကျားမအကြမ်းဖက်မှု ဘေးအန္တရာယ်များ၊ SRHR လိုအပ်ချက်များ)
- ❖ စစ်ဆေးအကဲဖြတ်ခြင်း၊ ဒေတာကောက်ယူခြင်း သို့မဟုတ် သက်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် Washington Group Short Set of Questions[4] and the Child Function Module[5] တို့ကို အသုံးပြုရန်။
- ❖ ကလေးသူငယ်များ၊ ၎င်းတို့၏ မိဘများ၊ မသန်စွမ်းမိဘများ များ၏ အသံကို နားထောင်ခြင်း၊ AAP လက်တွေ့ဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်း နှင့် အကြံပြု တုံ့ပြန်မှုလုပ်ငန်းစဉ်များတွင် ၎င်းတို့၏ အသံများကို ထင်ဟပ်စေခြင်း။
- ❖ **သတင်းအချက်အလက် စုဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း**- သန်စွမ်းကလေးများ၏ ကျား၊ မ သတ်မှတ်ခြင်း နှင့် မတူညီသော အသက်အပိုင်းအခြားတို့ပါဝင်သော သတင်းအချက်အလက် စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း ( မသန်စွမ်းကလေးသူငယ်များကို အသက်အရွယ် မတူညီသောအသက်အပိုင်းအခြား မပါဝင်သော ကျား၊ မ မပါသော သတ်မှတ်ချက်များ ဖြင့် မမှတ်ယူပါနှင့်)
- ❖ စီမံကိန်းအဆိုပြုချက်များ၊ စစ်ဆေးကြီးကြပ်မှု လုပ်ငန်းစဉ်များနှင့် ရုံးတွင်း လုပ်ငန်းဆောင်ရွက်မှု အဆင့်များတွင် ထိတွေ့ထောက်ပံ့ပေးမည့် မသန်စွမ်းကလေးသူငယ် အရေအတွက်တစ်ခုအား ရည်ရွယ်သတ်မှတ်ရန်။ ဖြစ်နိုင်ပါက စုစုပေါင်း ထောက်ပံ့မှုရယူသူ လူဦးရေ၏ ၁၃ ရာခိုင်နှုန်းကို ကလေးသူငယ်များ ဖြစ်စေရန်။

DRAFT

---

[3] Referrals and inquiries | Myanmar Child Protection Area of Responsibility

[4] https://www.washingtongroup-disability.com/question-sets/wg-short-set-on-functioning-wg-ss/

[5] https://www.washingtongroup-disability.com/question-sets/wg-unicef-child-functioning-module-cfm/

# ကလေးသူငယ်ကာကွယ်ရေးတွင် မသန်းစွမ်းကဏ္ဍထည့်သွင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အချို့သော ဥပမာများ

## ကလေးငယ်များအတွက် နှစ်လိုရင်းနှီးမှုရှိသည့် နေရာများ

- ကလေးငယ်များအတွက် နှစ်လိုရင်းနှီးမှုရှိသည့် နေရာများသည် မသန်စွမ်းမှုပုံစံ အမျိုးမျိုးရှိနိုင်သည့် ကလေးငယ်များမှ လက်လှမ်းမီအသုံးပြုနိုင်ရမည်။ ယင်းကဲ့သို့ အသုံးပြုနိုင်ရန် သင့်လျော်သည့် နေရာထိုင်ခင်း စီမံခြင်း ဆောင်ရွက်မှုပုံစံကို လိုက်နာရမည်။
- မသန်စွမ်းမှုပုံစံ အမျိုးမျိုးရှိနိုင်သည့် ကလေးငယ်များအား ထောက်ပံ့ပေးနိုင်ရန် စိတ်အပန်းဖြေရေး လှုပ်ရှားဆောင်ရွက်မှုများတွင် ဝန်ထမ်းတစ်ဦး/စေတနာ့ဝန်ထမ်းတစ်ဦး အနည်းဆုံးထားရှိပေးရမည်။
- အဆိုပါ နေရာများ တည်ရှိနေကြောင်းကို ကွဲပြားခြားနားသည့် ပုံစံများဖြင့် မြင့်တင်အသိပေးမှု ပြုရမည်။ (သင်္ကေတ၊ နှုတ်ဖြင့်၊ တစ်အိမ်တက်ဆင်း)
- ဖြစ်နိုင်ခြေရှိပြီး လိုအပ်ပါက လှုပ်ရှားဆောင်ရွက်မှုများအတွင်း လက်ဟန်ပြဘာသာစကားအသုံးပြု ဘာသာပြန်ဆိုမှုဖြင့် ပံ့ပိုးပေးရန်အတွက် စေတနာ့ဝန်ထမ်း/ဝန်ထမ်းများ သို့မဟုတ် မသန်စွမ်းသူများပါဝင်သည့် ရပ်ရွာအခြေပြုအဖွဲ့/အသင်းအဖွဲ့နှင့် ပူးပေါင်းပါ။
- လှုပ်ရှားဆောင်ရွက်မှုများကို ပုံဖော်သတ်မှတ်ခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းများတွင် မသန်စွမ်းကလေးငယ်များနှင့် ထိတွေ့ဆောင်ရွက်ပါ။

## အသိပညာပေးခြင်း

- မတူခြားနားသည့် ပုံစံဖြင့် CP သတင်းစကားများကို ဖြန့်ဝေပါ - စာဖြင့်ရေးသားခြင်း၊ သရုပ်ဖော်ပုံများပါ ထည့်သွင်းအသုံးပြု၍ နှုတ်ဖြင့် ပြောကြားခြင်း၊ ဇာတ်လမ်းများဖြင့် သရုပ်ဖော်ခြင်းနှင့် သီချင်းများအသုံးပြုခြင်း။
- CP သတင်းစကားများကို ထပ်မံဖြန့်ဝေရန် ရပ်ကျေးအဖွဲ့ဝင်များနှင့် ထိတွေ့ဆက်ဆံပြီး အဆိုပါ ရပ်ကျေးအဖွဲ့ဝင်များတွင် မသန်စွမ်းသူများ ပါဝင်ပါစေ။
- မသန်စွမ်းမှုပုံစံ အမျိုးမျိုးရှိနိုင်သည့် ကလေးငယ်များအတွက် သီးခြားလိုအပ်နိုင်သည့် သတင်းစကားများကို ထည့်သွင်းစဉ်းစားပါ။
- မသန်စွမ်းမှု ရှိသည်ဖြစ်စေ/ မရှိသည်ဖြစ်စေ ကာကွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားပါ။

## အမှုကိစ္စစီမံခန့်ခွဲခြင်း

- မသန်စွမ်းမှုပုံစံ အမျိုးမျိုးရှိနိုင်သည့် ကလေးငယ်များနှင့် ဆက်ဆံရာတွင် ထိရောက်မှုရှိစေရန် အထက်တွင် ဖော်ပြထားသည့် လမ်းညွှန်ချက်များကို အသုံးပြုပါ။

DRAFT

- မသန်စွမ်း ကလေးငယ်များအတွက် အထူးပြု ထောက်ပံ့မှုများ လိုအပ်နိုင်သည့်အတွက် အမှုကိစ္စစီမံကိန်းချမှတ်ခြင်း အဆင့်တွင် ထည့်သွင်းဆွေးနွေးရန်။

## ဆယ်ကျော်သက်များအတွက် အစီအမံ

- အစီအမံများ ချမှတ်ရေးဆွဲရာတွင် မသန်စွမ်းမှုပုံစံအမျိုးမျိုး ရှိနိုင်သည့် ဆယ်ကျော်သက်များနှင့် ထိတွေ့ဆောင်ရွက်ပါ။
- ဆယ်ကျော်သက် အဖွဲ့များ/အသင်းများနှင့် အခြားကဏ္ဍများတွင် မသန်စွမ်းကလေးများ၏ ကိုယ်စားပြုမှုပါဝင်ပါစေ၊ ဖြစ်နိုင်ပါက ခေါင်းဆောင်မှု အပိုင်းတွင် ပါဝင်မှုရှိစေရန်။
- မသန်စွမ်းကလေးငယ်များအတွက် ကိုက်ညီမှုရှိသည့် သက်မွေးမှုစီမံကိန်းများ ထည့်သွင်းရန်။

## အုပ်ထိန်းမှု အသိပညာပေး သင်တန်းနှင့် အသိပညာပေး ဆွေးနွေးပွဲ

- မသန်စွမ်းကလေးသူငယ် မိဘများ၏ လိုအပ်ချက်များနှင့် မသန်စွမ်းမိဘများ၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်ခြင်း နှင့် ၎င်းတို့၏ လိုအပ်ချက်များအတွက် အံဝင်ခွင်ကျ ဖြစ်နိုင်သော အုပ်ထိန်းမှု အသိပညာများနှင့် ကိုယ့်ကိုယ်ကို ဂရုစိုက်နိုင်ခြင်းဆိုင်ရာ အသိပညာပေး သင်တန်းများကို လက်လှမ်းမီနိုင်စေခြင်း။
- မသန်စွမ်းကလေးသူငယ် မိဘများနှင့် မသန်စွမ်းမိဘ အဖွဲ့များအား အချင်းချင်းချိတ်ဆက်နိုင်ရန် နှင့် အချင်းချင်း ကူညီနိုင်ရန် ပံ့ပိုးကူညီပေးခြင်း။

## ရပ်ကျေးအဆင့် CP

- CLCP လုပ်ဆောင်မှု အဆင့်များအားလုံးတွင် အထူးသဖြင့် မသန်စွမ်း ရပ်ကျေးအဖွဲ့ဝင်များနှင့် ထိတွေ့ဆောင်ရွက်ရန်။
- မသန်စွမ်းကဏ္ဍနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ထိတွေ့ဆက်ဆံမှုနှင့် ကိုင်တွယ်ဖြေရှင်းမှု ပြုရာတွင် အဖွဲ့ဝင်များအနေဖြင့် သိရှိစေရန်နှင့် စံသတ်မှတ်မှုများကို လိုက်နာရန်။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကို ထည့်သွင်းလုပ်ဆောင်ခြင်း

- မသန်စွမ်းမှု ကြောင့် ထိခိုက်ခံရသော ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များကို ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းမဟုတ်သော ကဏ္ဍများမှ အကာအကွယ်ပေးသည့် ဆောင်ရွက်ချက်များအားလုံးတွင် ထည့်သွင်းဆောင်ရွက်ခြင်း။

DRAFT